ဝိတိုင်ကျေးရွာ

သရက်ချောင်းမြို့နယ်၊ ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝိတိုင်ကျေးရွာ၊ သရက်ချောင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဇူလိုင်

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဝိတိုင်ကျေးရွာ သယံဇာတပြမြေပုံ၊ သရက်ခေါ်ဝင်းမြို့နယ်	၄
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၅
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၅
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၅
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၆
	(ဂ) ငါးလုပ်ငန်း	၇
	(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၇
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၇
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၇
	(ခ) ကျေးရွာ မီးလင်းရေး	၈
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၈
၆။	**ပညာရေး**	၈
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၈
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၉
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၀- ၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၃-၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅-၆၉
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၀-၇၅
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၇၆-၇၈
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၇၉-၈၀
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၈၁-၈၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏လူထုအများစုပေါင်းပါဝင် ရေးဆွဲထား သည့် ၂၀၁၇/၂၀၁၈စာတမ်းရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင် ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုး ပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါ သည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ် သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက် အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိ နိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အား ထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ် ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည် ဆောက်မှု အခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထား ပါသည်။

ဇူလိုင်လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝိတိုင်ကျေးရွာ သရက်ချောင်းမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဝိတိုင်ကျေးရွာသည် ပြင်းဖြူကြီကျေးရွာအုပ်စု၊ သရက်ချောင်းမြို့နယ်တွင် တည်ရှိနေသော ရွာ တစ်ရွာဖြစ်ပါသည်။ အကျယ်အဝန်းမှာ(၈)စတုရန်းမိုင်ရှိပါသည်။အရှေ့မှအနောက်သို့(၁)မိုင်(၂)ဖာလုံရှိပြီး မြောက်မှတောင် သို့(၅)မိုင်ရှည် လျားပါသည်။ ကျေးရွာအနီးတွင် တောင်တန်းများရှိပြီး မြေပြင်အနေအထားမှာ ကုန်းမြင့်မြေပြန့်ဖြစ်သည်။ အရှေ့ဘက်တွင် ပြင်ဖြူကြီးကျေးရွာ၊ တောင်ဘက်တွင် မယ်ကဲကျေးရွာအုပ်စု ၊မြောက်ဘက်တွင် စုံစင်ကျေးရွာအုပ်စုနှင့်

နောက်ဘက်တွင် ကရင်တောင်ပျောက် ကျေးရွာဖြင့် ထိစပ်လျက် ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင် အထက်(၁၁) ပေအထက်တွင် တည်ရှိ ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပိတိုင်ကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တောရာသီဥတု ကျရောက်သည့် ဒေသ အတွင်းတည်ရှိပါသည်။ အမြင့်ဆုံးအပူချိန်မှ ၃၇ ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် ၉ ဒီဂရီ စင်တီ ဂရိတ်ဖြစ်ပါသည်။ကျေးရွာရှိလယ်ယာမြေများ အသင့်အတင့်ရှိပြီးကုန်းမြေမြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာ အနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာတွင် အခြားသယံဇာတများထွက်ရှိမှု မရှိပါ။ သဃ်န်း၊ကညင်၊ ပျဉ်းမ၊သဗြေ၊စံကား ၊တောင်သရက်၊ ကရဝေး၊ဝါး၊ကြိမ် ဓနိနှင့် ချုံနွယ်ပင်များပေါက် ရောက်ပါသည်။ ဂျီ ၊ဆတ်၊ တောဝက် ၊တောကြောင် ၊တောကြက် ၊အင်းကျားနှင့် ကျေးငှက်တိရိစ္ဆာန်မျိုး စိတ်များရှိပြီး ဆေးဘက်ဝင်အပင်များနည်းပါးလာပြီး သဘာဝအလျောက်ပေါက်ရောက်သော ဆေးဖက်ဝင် အပင် အနည်းအကျဉ်းသာ တွေ့ရှိရပါတော့သည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပိတိုင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (**၁၈၁**)အိမ်ရှိပြီးလူဦးအလယ်စုပေါင်း(**၈၂၇**)ဦးရှိပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်အဖွဲ့၊ပရဟိတအဖွဲ့၊မိဘဆရာအသင်းများသည်ကျေးရွာ လူထုကိုယ်တိုင် ဖွဲ့စည်းထားသောအဖွဲ့များဖြစ်သည်။ထိုအဖွဲ့များမှ ကျေးရွာ၏ကျန်းမာရေး၊လူမှုရေး နှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရော ပါဝင်ကူညီဆောင်ရွက်ကြပါသည်။ကျေးရွာ၏ပရဟိတ အသင်းမှာနာရေးကိစ္စအပါအဝင် လူမှုရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လုပ်ရှားဆောင်ရွက်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်း ဆိုင်ရာသဘောတရားတို့နှင့် ပက်သက်၍ အားနည်းကြပြီး၊ အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်း မွန်လာနိုင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ ဓမ္မစကူးလ်သင်တန်းရှိပါသည်။ ကလေးများအတွက် ယဉ်ကျေးလိမ္မာမှုစေရေးအတွက် ဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်ပါသည်။ ကျန်ရှိသော ကဏ္ဍများပါ တိုးတက် လာစေရန်အတွက် အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ရန်လိုအပ် နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပိတိုင်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ (၆၆၁)ဧက၊ တောင်ယာ မြေ(၅၁.၅)ဧကနှင့်စားကျက်မြေ(၁၀)ဧကစုစုပေါင်း(၇၂၇.၅)ဧကရှိပါသည်။ ဥယျာဉ်ခြံမြေတွင် နှစ်ရှည်သီးနှံများ စိုက်ပျိုးကြပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (**၆၇**) အိမ် ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (**၄၁**) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (**၄၇**)အိမ်ထောင်စု၊၁၂.၅ ဧက အထက် (**၇၅**) အိမ်ထောင်စုစသည်တို့ရှိကြပြီး အဓိကအားဖြင့် နှစ်ရှည် သီးနှံကိုအားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင် စုများသည် စုစုပေါင်းအိမ်ထောင်စု၏ (**၂.၅%**) ခန့်ရှိ**ပါ**သည် ။စီးပွားရေးအနေဖြင့် သင့်တင့်မျှတကောင်းမွန်သော ရွာတစ်ရွာ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသောရွာတစ်ရွာ ဖြစ်သော်လည်း ရွာ၏ဝမ်းစာဖူလုံမှုအတွက်သာ စိုက်ပျိုးနိုင်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှု မရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါ ကျရောက်ခြင်းများ ရှိနေပါ သည်။စိုက်ပျိုးရေမှာ မိုးရေရာသီတွင်သာ စပါးစိုက်ပျိုးကြပါသည်။ကျေးရွာသည် နှစ်ရှည်သီးနှံများကိုသာ

အဓိကအားထား စိုက်ပျိုးကြသော ကြောင့်ကျေးရွာအတွင်း စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှုမှာ နည်းပါးပါသည်။တစ်ဦးချင်းပိုင် မြက်ရိတ်စက်(**၃၈**)လုံးရှိပါသည်။ သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ် ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအား စုများကိုလည်း မြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ **န**ည်းပညာ ဝန်ဆောင်မှုများ အနည်းငယ်ရရှိနိုင်ပါသည်။ ကျေးရွာတွင် ရာသီပေါ် သီးနှံကို သာ အဓိကထား စိုက်ပျိုးကြပြီး ရာဘာကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုး ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ပိတိုင်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၇၂) အိမ်ရှိပြီး ကောင်ရေ(၂၄၆၅) ကောင်၊ အိမ်ထောင်စု(၂)အိမှာနွား(၄)ကောင်၊ အိမ်ထောင်စု(၁)စုမှ ဆိတ်(၂၀)ကောင်၊ အိမ်ထောင် စု(၁၀)စုမှ ဝက်(၂၃)ကောင်၊ အိမ်ထောင်စု(၁၅၆)စုမှကြက်ကောင်ရေ(၂၃၀၇)ကောင်နှင့် အိမ်ထောင်စု(၂)စုမှ ဘဲကောင်ရေ (၁၁၀) ကောင်ရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးကိုစီးပွားအဖြစ်လုပ်ကိုင်သော အိမ်ထောင် စုများ မရှိပါ။ အများစုမှာ တစ်ပိုင်တစ်နိုင် မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ကျေးရွာတွင် မွေးမြူရေးကို စီးပွားအဖြစ်လုပ်ကိုင်သော အိမ်ထောင်စုမရှိသလောက် နည်းပါး ပါသည်။ဒေသဝက်မွေးသည့် အိမ်ထောင်စုမှာ အသင့်အတင့်ရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ် မွေး/ကုဦးစီးဌာနမှ ရရှိသည်။ မွေးမြူရေး လုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ကျေးရွာရှိငွေချေးသူထံမှ အတိုးနှုန်းမြင့်မားစွာ ချေးယူကြရပါသည်။ ကျေးရွာတွင် ငါး မွေးမြူရေး လုပ်ကိုင်သော အိမ်ထောင်စုမရှိပါ။

(ဂ) ငါးလုပ်ငန်း

အလယ်စုကျေးရွာမှ အိမ်ထောင်စုများသည် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခြင်း မရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ပိတိုင်ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ လက်လီ-လက်ကားရောင်းဝယ်ရေး လုပ်ငန်း၊ခေါင်းရွက်ဗျပ်ထိုး၊ နေ့စား အလုပ်များနှင့် အစိုးရဝန်ထမ်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစား အလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ ကျပန်းအလုပ်သမား များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန် ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ထားဝယ်မြို့တွင် အသက်မွေးဝမ်း ကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း စသည့်အသက်မွေးဝမ်းကျောင်းသင်တန်းများ ရှိသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြပါသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ကြချေ။ ငွေကြေး အဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြား ကြသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပိတိုင်ကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးငွေများလည်း ရှိပါသည်။အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေး ပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှု အတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၅%) ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့ အတွက်လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူကြပြီးကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေး ငွေများ ထုတ် ပေးပါက မိသားစုစားဝတ်နေရေးနှင့်စီးပွားရေး ဆိုင်ရာကိစ္စများအတွက် မှီခို အဆင် ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပိတိုင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးများ၊မော်တော်ဆိုင်ကယ်များ၊ ထော်လာ ဂျီများနှင့်ကားများကိုသာ အဓိကထားအသုံးပြုကြပါသည်။ ကျေးရွာတွင်ရေလမ်းခရီးကို အသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် ကုန်းလမ်းကိုသာ အသုံးပြုကြပါသည်။ ကျေးရွာတွင်းလမ်းများမှာ မြေသား လမ်းများဖြစ်ပြီး သွားလာရလွယ်ကူပြီး တစ်နှစ်ပတ်လုံး အသုံး ပြုနိုင်ပါသည်။ တံတား(၂)စင်းရှိပါပြီး ကြံ့ခိုင်မှု အားနည်းနေပါသည်။ ကျေးရွာအတွင်းမြေသားလမ်းများဖြစ် ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ပိတိုင်ကျေးရွာတွင် ဆိုလာမီးကို အသုံးပြုသော အိမ်ထောင်စု(၆၅)စု၊ ဒီဇယ်အင်ဂျင်အသုံးပြုသူ (၂)အိမ်နှင့် လျှပ်စစ်မီးမသုံးပြုနိုင်သောအိမ်ထောင်စု(၁၃)စုရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပိတိုင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (**၂၅၂**) လုံး ၊ ရေဒီယို (**၁၇**) လုံး၊ တီဗီ (**၈၆**) လုံး၊ ဂြိုလ်တုစလောင်း (**၇၁**)လုံး စသည်တို့မှရရှိသဖြင့် သတင်းနှင့် အချက်အလက်များ ကို အချိန်နှင့်တပြေးညီ သိရှိနိုင်ပါသည်။ အိမ်တိုင်လိုလိုတွင် တီဗီ၊ စလောင်းများ ရှိပါသည်။ **ကျေး**ရွာ**နှင့် ပတ်ဝန်းကျင်**တွင် တာဝါတိုင **များမ**ရှိသောကြောင့် သတင်းနှင့်အချက်အလက် များကို အချိန်နှင့်တပြေးညီ **မ**သိရှိနိုင်ပါ။

၆။ ပညာရေး

ပိတိုင်ကျေးရွာပိုင် မူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီး နီးစပ်ရာ **ဝင်းကဖော်**ကျေးရွာ တွင် အလယ်တန်းနှင့်**သဲချောင်းကြီးကျေးရွာတွင်**အထက်တန်းအဆင့်များကို ဆက်လက်ပညာ သင်ယူနိုင်ပါ သည်။ တက္ကသိုလ်တက်နေသည့်ကျောင်းသား/သူများလည်း ရာခိုင်နှုန်းအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အသက်ကြီးပိုင်း စာမတတ်သူတစ်ချို့ ရှိပါသည်။ ဘွဲ့ရသူဦးရေ (၇)ဦးရှိသည်။ မူလတန်းပညာပြီးမြောက်မှုမှာ ကျေးရွာရှိစုစုပေါင်း လူဦးရေ၏(၆၅.၀၅%)၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၂၂.၈၆%) ရှိပြီး၊ အထက်တန်း ပညာပြီးမြောက်မှုတွင် သိသာစွာလျော့နည်းလာပါသည်။ သို့သော်လည်း ယခင်ကာလများနှင့် နှိုင်းစာလျှင် ဘွဲ့ရဦးရေ များပြားလာ သည်ဟုဆိုနိုင်ပါသည်။ ကျေးရွာတွင် အလယ်တန်း၊ အထက်တန်း ပြီးဆုံးသူဦးရေနှင့် ဘွဲ့ရသူဦးရေမှာ

အလွန်ပင်နည်းပါးပါသည်။ မူလတန်းပြီးဆုံးပြီး အလယ်တန်း၊ အထက်တန်းကို အခြားနေရာတွင် သွားရောက်ပညာသင်ယူရန် အခက်အခဲများရှိနေခြင်းနှင့် ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့်ဖြစ် ပါသည်။

ပိတိုင်ကျေးရွာတွင်ယခုလက်ရှိတွင် ပညာသင်ကြားနေသော ကျောင်းသား/သူ ဦးရေနှင့် ကျောင်းဆရာ/ဆရာမလုံလောက်မှု ရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက် နည်းပါးပါ သည်။ ကျောင်းစာကြည့်တိုက်အတွက် ဘီဒီများလည်း လိုအပ်နေပါသည်။ စာသင်ဆောင်များတွင် ပြတင်းများ၊ အမိုးပျက်စီးနေပြီးမျက်နှာကျက်နှင့် ဝရန်တာများတပ်ဆင်ရန်လိုအပ်နေပါသည်။ ကျောင်းအားကစား ဆိုင်ရာပစ္စည်းများနှင့် သင် ထောက်ကူပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန်လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာလည်း အားနည်းနေပါ သည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပိတိုင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ကာကွယ်ဆေးများကို နီးစပ်ရာ **အလယ်စု**ကျေးရွာတွင် သွားရောက်ထိုးနှံကြရပါသည်။ ရောဂါဖြစ်လာလျှင် နီးစပ်ရာဆေးခန်းတွင် သွား ရောက်ပြသနေကြရသဖြင့် အခက်အခဲများစွာရှိပါသည်။ ရောဂါပြင်းထန်မှုများအတွင်း **ရင်တိုက်နယ် ဆေးရုံ**၊ သရက်ချောင်းပြည်သူ့ဆေးရုံနှင့်ထားဝယ်ပြည်သူ့ဆေးရုံများသွားရောက်ကုသကြပါသည်။ ကျန်းမာ ရေးဆိုင်ရာပညာပေး ဟောပြောပွဲများနှင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ကဲ့သို့သော ဆွေးနွေးပွဲများ ကိုလည်း ပြုလုပ်ပေးရန်လိုအပ်ပါသည်။ အလယ်စုကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း(၅)တွင်းရှိပါသည်။ **မြစ်ရေ/ချောင်းရေ(၂၅)အိမ်**ရှိပါသည်။ စိမ့်စမ်းရေသွယ်တန်း**၇နှုန်းလိုအပ်လျက်ရှိပါသည်**။ နွေရာသီတွင် ရေခမ်းခြောက်မှုများ တစ်ခါ တစ်ရံ ကြုံတွေ့ရတတ်ပါသည်။ အလယ်စုကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု (**၇၁**)စု**နှင့်အိမ်သာ မရှိသော အိမ်ထောင်စု (၉)စု**ရှိပါသည်။ ရွာလုံးကျွတ် သန့်ရှင်းသော ယင်လုံအိမ်သာများ သုံးစွဲမှုရှိကြ**ရန်**၊ ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သော ရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပိတိုင်ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှုမရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှု မ ရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်ကျကျ စွန့်ပစ်မှုများမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက် ရှိပါသည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပိတိုင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင် ဖြစ် သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင် လုပ် ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန် တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာ တွင် အမျိုးသမီးများ၏တစ်နေ့အနည်းဆုံး လုပ်အားခသည် (၅၀၀)ကျပ် ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၆၀၀)ကျပ်ဖြစ်ပါသည်။ထိုမတူညီသော လုပ်အားခများက အမျိုး သမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျ စေပါသည်။ အမျိုးသမီးများ၏စိတ်ဓာတ်အရည်အသွေး ကို မြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်း

အဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့် တရားမျှ တ မှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ဟောပြောပွဲများ ပြုလုပ်ရန်လို အပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ပြင်းဖြူကြီး			ကျေးရွာအမည် – ဝိတိုင်	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	ခေါင်းဆောင်မှု၊ စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	စပါး၊ ငရုတ်ကောင်း၊ ကွမ်းသီး၊ ရော်ဘာ အထွက်တိုးစေရန် နည်းပညာနှင့် ပံ့ပိုးမှုများ ချိတ်ဆက်တင်ပြခြင်း။	
၃	စိုက်ပျိုးရေး	ဈေးကွက်	စပါး၊ ရော်ဘာ ဈေးနှုန်း အရနည်းခြင်းနှင့် သက်ဆိုင်ရာမှ ဝင်ရောက်ထိန်းညှိပေးခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ်လုပ်သည့် နည်းပညာများ ရရှိရန် ချိတ်ဆက်ခြင်း။	
၅	မွေးမြူရေးနှင့် ငါးလုပ်ငန်း / မွေးမြူရေး ဆေးပညာ	နည်းပညာ	တပိုင်တနိုင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လာကြစေရန် တိုက်တွန်း နည်းပညာပေးခြင်း။	
၆	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် ဖော်ဆောင်ပေးခြင်း။	
၇	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ကွန်ပျူတာ၊)ဝပ်ရှော့၊ အပ်ချုပ်စက်၊ ဆိုင်ကယ်ပြင်၊ ဆံပင်ညှပ်၊ စသည်ပြုလုပ်ပေးခြင်း။ (	
၈	ငွေကြေး	အသေးစား	အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် ချိတ်ဆက်ခြင်း စိုက်ပျိုးရေး၊)	

ကျေးရွာအုပ်စုအမည် - ပြင်းဖြူကြီး			ကျေးရွာအမည် - ပိတိုင်	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
			မွေးမြူရေး၊ စိုက်မွေးမဟုတ်(	
၉	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရရှိရန် ကျေးလက်ဦးစီးဌာနသို့ တင်ပြခြင်း။	
၁၀	ပညာရေး	ဆရာဆရာမ/	ဆရာဆရာမ/ (၂ဦး ရရှိရန် တင်ပြခြင်း။ (	
၁၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသားများ၏ ပညာအရည်အသွေးတိုးတက်လာစေရန် မိဘနှင့်ဆရာများ ပူးပေါင်းဆောင်ရွက်ခြင်း။	
၁၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ဝန်ထမ်းအိမ်ရာ (၄၀'x ၂၀') နှစ်ခန်းတွဲ တည်ဆောက်ခြင်း။	
၁၃	ကျန်းမာရေး	ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း	ထိရောက်သည့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြခြင်း။	
၁၄	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ရာသီအလိုက် ဖြစ်ပွားသော ရောဂါများကို အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း။	
၁၅	ကျန်းမာရေး	သားဖွားဆရာမ၊ ကျေးလက် ကျန်းမာရေးမှူး စသည်	အရန်သားဖွားသင်တန်များ တက်ရောက်နိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့ ချိတ်ဆက်တင်ပြခြင်း။	
၁၆	အခြေခံ အဆောက်အဦ	သောက်သုံးရေ	စိမ့်စမ်းရေ သွယ်တန်းခြင်း မိုင် (၃)	
၁၇	အခြေခံ အဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်း (၂) မိုင်အား ကျောက်ချောလမ်းကွန်ကရစ်လမ်းသို့ /	

ကျေးရွာအုပ်စုအမည် - ပြင်းဖြူကြီး			ကျေးရွာအမည် - ပိတိုင်	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
			အဆင့်မြှင့်တင်ခြင်း။	
၁၈	အခြေခံ အဆောက်အဦ	ကျေးလက် လမ်းတံတား	ထီးဖူးယားမောင်တံတား (၉' x ၁၅' x ၄') အား ကွန်ကရစ်တံတား တည်ဆောက်ခြင်း။	
၁၉	အခြေခံ အဆောက်အဦ	ကျေးလက် လမ်းတံတား	မျောက်လုချောင်းတံတား (၁၈' x ၁၅' x ၉') အား ကွန်ကရစ်တံတား တည်ဆောက်ခြင်း။	
၂၀	လျှပ်စစ်	ဆိုလာမီးလင်းရေး	အိမ်တိုင်းစေ့ ဆိုလာမီးလင်းရေးအတွက် ကျေးလက်ဦးစီးဌာနသို့ တင်ပြခြင်း။	
၂၁	လူငယ်နှင့် အားကစား	လူငယ့်အခွင့်အလမ်း	လူငယ်များ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်မည့် သင်တန်းများ၊ ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၂၂	လူငယ်နှင့် အားကစား	အားကစား	လူငယ်များအတွက် အားကစားလှုပ်ရှားမှု တိုးတက်လာစေရန် အား ကာဦးစီးဌာနနှင့်/ ချိတ်ဆက်ခြင်း။	
၂၃	လူငယ်နှင့် အားကစား	လူငယ့်အခွင့်အလမ်း	မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ကျစေရန် အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၂၄	သယံဇာတနှင့်သဘာဝဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း။	
၂၀	လျှပ်စစ်	ဆိုလာမီးလင်းရေး	အိမ်တိုင်းစေ့ ဆိုလာမီးလင်းရေးအတွက် ကျေးလက်ဦးစီးဌာနသို့ တင်ပြခြင်း။	
၂၁	လူငယ်နှင့် အားကစား	လူငယ့်အခွင့်အလမ်း	လူငယ်များ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်မည့် သင်တန်းများ၊ ဟောပြောပွဲများ စီစဉ်ပေးခြင်း။	

ကျေးရွာအုပ်စုအမည် - ပြင်းဖြူကြီး			ကျေးရွာအမည် - ပိတိုင်	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၂၂	လူငယ်နှင့် အားကစား	အားကစား	လူငယ်များအတွက် အားကစားလှုပ်ရှားမှု တိုးတက်လာစေရန် အားကာဦးစီးဌာနနှင့် / ချိတ်ဆက်ခြင်း။	
၂၃ ၂၄	လူငယ်နှင့် အားကစား သယံဇာတနှင့်သဘာဝဝန်းကျင်	လူငယ့်အခွင့်အလမ်း သဘာဝဘေး လျော့ချရေး	မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ကျစေရန် အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း။	

နောက်ဆက်တွဲ (၁)

ဝိတိုင်ကျေးရွာ၊ ပြင်းဖြူကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအောင်ကျော်	ဦးကြီးခိုင်	ဖ/သရခ(နိုင်) ၀၃၇၄၈၄	၄၃	နာယက	၀၉-၇၈၀၈၄ဖ၀၃၅
၂	ဦးလှိုင်ရွှေ	ဦးလှမောင်	ဖ/သရခ(နိုင်) ၀၀၇၀၂၉	၆၉	ရပ်မိ/ဖ	၀၉-၄၄၂ဖ၉၅၇ဖ၅
၃	ဦအောင်ထူးခင်	ဦးလွန်းရွှေ	ဖ/သရခ(နိုင်) ၀၀ဖ၉၂၄	၅၈	ရပ်မိ/ဖ	၀၉-၄၂၄၇၇၅ဖ၅၂
၄	ဦးကျင်ဆွေ	ဦးဖိုးအို	ဖ/သရခ(နိုင်) ၀၃၈ဖဖ၀	၇၀	အဖွဲ့ဝင်	၀၉-၄၅၈၂၃၀ဖ၀
၅	ဦးခင်စိုး	ဦးတင်မြင့်	ဖ/သရခ(နိုင်) ၀၃၈၂ဖ၇	၄၂	။	၀၉-၄၂၉၀၉၉ဖ၃ဖ
၆	ဦဇော်သိန်း	ဦးအောင်မြင့်	ဖ/သရခ(နိုင်) ၀၄၄၅၉၉	၃၉	။	၀၉-၄၅၇ဖဖ၈ဖ၀၂
၇	ဦးချစ်မောင်	ဦးကျင်လှိုင်	ဖ/သရခ(နိုင်) ၀၀ဖ၉၄၇	၇၃	။	၀၉-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၁၀	၂၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၂	၂၃	၄၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၄	၂၉	၆၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၆	၄၅	၉၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၆၁	၂၆၅	၅၂၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၃	၁၉	၃၂
စုစုပေါင်း		၄၃၁	၄၉၆	၈၂၇
စုစုပေါင်း အိမ်ထောင်စု		**၁၈၁**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဝိတိုင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၈၁)အိမ်ရှိပြီး လူဦးအလယ်စုပေါင်း (၈၂၇)ဦးရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၂.၆၉%)၅နှစ်အောက် ကလေးအရွယ် (၅.၇၈%)၊ မူလတန်းကျောင်းသားအရွယ် (၈.၀၉%)၊ အလယ်တန်းကျောင်း သားအရွယ် (၁၁.၁၁.၆၉%)၊ သက်ကြီး ရွယ်ကြီးအရွယ်(၂.၇၈%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၆၇.၆%)နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၆၁) ဦး၊ မ(၂၆၅)ဦး စုစုပေါင်း(၅၂၆)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၅၁.၃၀%)ရှိပါသည်။ ပျမ်းမျှတစ်အိမ် ထောင်လျှင်(၆.၇)ဦး နှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက်ပို နေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူသားအရင်း အမြစ်ကောင်းများ အဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	**လုပ်ငန်းများ**	**အဓိက အလုပ်အကိုင်**	**အဓိက ဝင်ငွေရ**	**ရပ်တည်နိုင်မှု**

		အိမ်ထောင်စု	**မိသားစု ဝင် လုပ်အား**	**လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)**	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅၃	၃၁၃		မြင့်☐ လတ်Â နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂၇	၄၅		မြင့်☐ လတ်Â နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်Â နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေနော်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်Â နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်Â နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် အလယ်စုေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်Âနိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်Â နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်Â နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်Â
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐ နိမ့်Â
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐ နိမ့်Â
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်Â
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	○	○	○	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	○	○	○	မြင့်☐ လတ်☐ နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	○	○	○	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	○	○	○	မြင့်☐ လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း			○	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း			○	မြင့်☐ လတ်☐ နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်Â နိမ့်☐
၁၈	**ကျန်းမာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။)
		အိမ်ထောင်စု	**မိသားစု ဝင် လုပ်အား**		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်Â နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား /ဝန်ထမ်းအဖြစ်လုပ်ကိုင်လို သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါ သည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ပိတိုင်ကျေးရွာတွင် ဥယျာဉ်ခြံစိုက်ပျိုးသူများနှင့်အခြား ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူတို့သည် ဝမ်းစာရိက္ခာ စားနပ်ရိက္ခာဖူလုံရန်အတွက် အိမ်ထောင်ဦးစီးများ၏ဝင်ငွေကို အဓိကမှီခို နေကြပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ခြင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ခြင်းအတွက် ထောက်ပံ့ငွေ ကာလလတ် (သို့မဟုတ်)ကာလရှည်ဖြင့် ထောက်ပံ့ကောင်းရရှိရန်လိုအပ်ပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်နှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်နှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၄၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၈၀၀၀	၁၀၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ပိတိုင်ကျေးရွာတွင် စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်း များ အင့်ားလုပ် ကိုင်သူ ပိုမိုများပြားပါသည်။ တစ်နေ့တွင် အမျိုးသား (၇၀၀၀)၊ အမျိုးသမီး(၅,၀၀၀)ကျပ်ရရှိပါသည်။ အမျိုးသား တစ်နေ့လုပ်အားခ အများဆုံး(၇၀၀၀)ကျပ်နှင့်အနည်းဆုံး(၅၀၀၀)ကျပ်ရရှိပါသည်။ အမျိုးသမီးများ တစ်နေ့လုပ်အားခ အများဆုံး(၅၀၀၀)ကျပ်မှ(၅၀၀၀)ကျပ်ရရှိပါသည်။ လုပ်သားအင်အားလည်းရှားပါးလျက်ရှိပါသည်။ အိမ်တိုင်းလိုလို အင့်ားလိုက်ကြပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)		
လယ်မြေ		ကောင်း☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	**၅၁.၅**	ကောင်း☐	သင့်Â	ညံ့ ☐
ဥယျာဉ်ခြံမြေ	**၆၆၁**	ကောင်း☐	သင့်Â	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း☐	သင☐	ညံ့ ☐
စားကျက်မြေ	**၁၀**	ကောင်း ☐	သင့်☐	ညံ့ Â
မြေလွတ် မြေလပ်	**၅**	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၇၂၇.၅**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃)လယ်ယာ မြေစိမ်ခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ပိတိုင်ကျေးရွာ၏စိုက်ပျိုးမြေအများစုမှာ ဥယျဉ်ခြံမြေများ အများဆုံးဖြစ်ပြီး မြေဆီလွှာ အရည် အသွေးညံ့သည့် အခြေအနေတွင် ရှိပါသည်။ ဥယျဉ်ခြံမြေများသို့ ပိုးမွှားများ တောတိရိစ္ဆာန် များဝင်ရောက် မှှရှိသည့် အတွက် မြေဆီလွှာပျက်စီးခြင်း၊ အပင်များပျက်စီးခြင်းများ ကြုံတွေ့နေရပါသည်။ ကွမ်းသီးနှင့် ရာသီစာသီးနှံ (အပင်နု)များ၊ ရော်ဘာပင်များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ စားကျက် မြေများကိုလည်း အသုံးချခြင်းမ ရှိခဲ့ပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း☐ မရှိ Â	လွယ်☐ခက်☐အသုံးမပြုနိုင်ပါ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ Â	လွယ်☐ခက်☐အသုံးမပြုနိုင်ပါ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များÂ သင့်☐ နည်း ☐ မရှိ ☐	လွယ်Âခက်☐အသုံးမပြုနိုင်ပါ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ Â သင့်☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ပိတိုင်ကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများထွက် ရှိခြင်း မရှိပါ သဘာဝအပင် မျိုးစိတ်များ၊ ထွက်ရှိခြင်းအနည်းငယ်ရှိပါသည်။ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ ထွက်ရှိခြင်းရှိပါ သည်။ကျီ၊ဆတ်၊တောဝက်၊ မျောက်၊ရှဉ့်စသည့် မျိုးစိတ်များရှိပါသည်။ မြစ်ချောင်းများမှချောင်းကျောက် ထုတ်လုပ်မှု များ အနည်းငယ် ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**

	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၁၂၀	၆၀	-

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပိတိုင်ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၂၀) အိမ်ခန့်သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၁၂၀)အိမ်ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေး(သို့)ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လှမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သော အိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စု(၁၂.၅%) မှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများရှိနေပါသည်။ အလယ်လတ်ဆင့်မိသားစုများမှ ပြည်ပနိုင်ငံ (ထိုင်း၊မလေးရှား)များတွင် သွားရောက် အလုပ်လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)**
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____ _____ လုပ်အားခကြိုယူ = ___ _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၆၀	အခြားအစာပြောင်းလဲစား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၆၀ _____ လုပ်အားခကြိုယူ = _____ _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၇၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ____၆၀_____ ချေးယူ = __၁၅_____ လုပ်အားခကြိုယူ = ___ _____

ရင်းမြစ်..ဥစ္စာခေနအဆင့်"၃"နှင့်"၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်း ကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ပိတိုင်ကျေးရွာသည်စီးပွားရေးအဆင်မပြေသောအိမ်ထောင်စုအရေအတွက် များသောကြောင့် ချေးယူပြီး စားဝတ်နေရေးအခက်အခဲများကို ဖြေရှင်းကြရပါသည်။ စီးပွားရေးအဆင်ပြေသည့် အိမ်ထောင်စု အရေအတွက်မှာ အလွန်ပင်နည်းပါးပါသည်။လုပ်အားခအကြိုယူပြီးမိသားစုပြဿနာများကိုဖြေရှင်းကြပါသည်။ ကျေးရွာသူ ရွာသားများသည် ရာသီအလိုက်လုပ်ကိုင်စားသောက်ကြသော အိမ်ထောင်စုများသော်လည်း ဝမ်းစာဖူလုံမှုမရှိပါ အများအားဖြင့် ချေးယူသည့် အိမ်ထောင်စုများပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁၁		

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင် နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၃၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပိတိုင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ (၁)ဦးရှိပါသည်။ ဆင်းရဲပြီးမိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စုမရှိပါ။ ထိခိုက်သက်ရောက်မှု အခြေအနေများ ဖြစ်ပေါ်လာပါက ကျေးရွာပရဟိတအသင်းမှ တတ်နိုင်အားမျှ ကူညီဆောင် ရွက်ပေးပါသည်။ အခြားကူညီပေးနိုင်သော အဖွဲ့စည်းများ လိုအပ်လျှက်ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် Â	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် Â	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် Â	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် Â	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် Â	နိမ့်☐	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် Â	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် Â	နိမ့်☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် Â	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် Â	မရ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် Â	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပိတိုင်ကျေးရွာတွင် သဘာဝအရင်းအမြစ် ထွက်ရှိမှုရှားပါးပါသည်။ သဘာဝအရင်းအမြစ် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း ကျရောက်ခြင်း၊ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းများ မရှိသော်လည်း သစ်တောပြုန်းတီးခြင်းများအနည်းငယ်ရှိပါသည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှု ရောဂါများဖြစ်ပွားခြင်းမရှိပါ။ တိရိစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု အနည်းငယ်ရှိသော်လည်း မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့်ချိတ်ဆက်ရမည့်နည်းလမ်းများကို မသိရှိခြင်းကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။လူကုန်ကူးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းများမရှိပေ။ သစ်တောပြုန်းတီးမှုများရှိပြီး သစ်တောဦးစီးဌာနမှ တားမြစ်ပေးရန် လိုအပ်လျက်ရှိပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် Â နိမ့်☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐
၁၇	လှည့်လည်သွားလာ၍ စျေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် Â မရှိ Â
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပိတိုင်ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး၊ သဘာဝ အရင်းအမြစ်များရှားပါးသဖြင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများမှာ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အခြေအနေမျိုးတွင်ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများ၊ လက်လုပ်လက်စား ကျပန်းလုပ်သားများ၊ နေရပ်ပြန် အခြေချသူများ၊ လှည့်လည်သွားလာ၍ စျေးရောင်းသူများလည်း အနည်းငယ်ရှိနိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိ/ဖ	၁Â၂□ ၃□	၅	၁	၆	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကောင်း□ သင့် Â ညံ့ □
၂	ကျောင်းအကျိုးတော်ဆောင်	၁□ ၂ Â ၃□	၄	၂	၆	ပညာရေး Â ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း□ သင့် Â ညံ့ □
၃	ဂေါပက	၁□ ၂ □ ၃ Â	၇		၇	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း□ သင့် Â ညံ့ □
၄	အမျိုးသမီးအဖွဲ့	၁□ ၂Â ၃□		၈	၈	ပညာရေး □ငွေကြေး □ ကျန်းမာရေး Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း□ သင့် Â ညံ့ □
၅	လူငယ်	၁□ ၂□ ၃ Â	၉	၁၀	၁၉	ပညာရေး Â ငွေကြေး □	ကောင်း Â

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်)
			ကျား	မ	ပေါင်း		
	အဖွဲ့					ကျန်းမာရေး☐ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး Â	သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

